# သပိတ်မှောက်ဆန္ဒပြသူများနှင့် ၎င်းတို့ကို အကာအကွယ်ပေးနေသည့် မီဒီယာသမားများ ၏ အခွင့်အရေးများ

### *ဆန္ဒပြခွင့်နှင့် ဆန္ဒပြပွဲများတွင် သတင်းရယူခွင့်*

ဆန္ဒပြခွင့်သည် နိုင်ငံတကာမှအကာအကွယ်ပေးထားသော လူ့အခွင့်အရေးဖြစ်ပြီး လူအများ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပြသည့်အခါတွင် မိမိတို့ဆန္ဒသဘောထားကို ထုတ်ပြပိုင်ခွင့်ရှိသည့် အခွင့်အရေးလည်း ဖြစ်သည်။ အဆိုပါအခွင့်အရေးကို ငြိမ်းချမ်းစွာစုဝေးခွင့်ဟူ၍လည်း ခေါ်ဆိုကြသည်။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၏ အထွေထွေမှတ်ချက်အမှတ်(၃၇) တွင် အောက်ပါ အကာအကွယ်များပါဝင်သည်-

- ဆန္ဒပြမှုများအတွက် ကြိုတင်ခွင့်ပြုချက်တောင်းခံရန်မလိုအပ်ဘဲ မိမိသဘောအလျောက် ဆန္ဒပြခြင်းသည် တရားဝင်ဖြစ်သည်။
- ဆန္ဒပြပွဲစီစဉ်သူများအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်အာဏာပိုင်များထံသို့ ဆန္ဒထုတ်ဖော်မည့်အကြောင်း အကြောင်းကြားရန်လိုအပ်သော်လည်း အကြောင်းကြားရန် ပျက်ကွက်မှုသည် ဆန္ဒထုတ်ဖော်မှုကို တားမြစ်ပိုင်ခွင့်မရှိစေသင့်။
- မီဒီယာသမားများသည် တရားဝင် မဟုတ်သည့် ဆန္ဒပြပွဲများလျှင်ပင် စောင့်ကြည့်မှတ်တမ်းယူခွင့် ရှိသည်။
- ဆန္ဒပြပွဲများကို ဥပဒေအရ အရေးယူမည် ဆိုပါက အမှန်တကယ် လိုအပ်သည့်အချိန်တွင်သာ လုပ်ဆောင်သင့်သည်။

ဆန္ဒပြမှုများသည် အများပြည်သူအကျိုးစီးပွားအတွက် အရေးကြီးသောကိစ္စရပ်များဖြစ်သည်။ စာနယ်ဇင်းသမားများနှင့် အခြားမီဒီယာလုပ်သားများသည် ၎င်းတို့၏လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေး၏တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆန္ဒပြမှုနှင့်ဆက်နွယ်သော ဖြစ်ပေါ်တိုးတက်မှုများကို အများပြည်သူအားအသိပေးရန် အခွင့်အရေးရှိသည်။ ဆန္ဒပြမှုများနှင့် ပတ်သက်၍ မီဒီယာများ၏ အရေးပါသော အခြားအခန်းကဏ္ဍတစ်ခုမှာ ဥပဒေစိုးမိုးရေးနှင့် အာဏာပိုင်များ၏ ဆန္ဒပြသူများကို မည်သို့ဆက်ဆံသည်ကိုစောင့်ကြည့်ခြင်း ဖြစ်သည်။ မီဒီယာမှ စောင့်ကြည့်ခြင်းဖြင့် တာဝန်ရှိသူများသည် အရေးယူအပြစ်ပေးမှု လျော့နည်းသွားနိုင်သကဲ့သို့ အကယ်၍ အရေးယူအပြစ်ပေးမှု ဆောင်ရွက်ပါက

တာဝန်ခံရမည်ဖြစ်သည်။ အာဏာပိုင်အစိုးရများသည် ဆန္ဒပြမှုများကို ခြိမ်းခြောက်မှုတစ်ခုအဖြစ်ရှုမြင်ပြီး တရားမဝင် နည်းလမ်းများဖြင့် ကန့်သတ်ရန်ကြိုးစားသည်။ ထိုသို့ကြိုးစားရာတွင် ဆန္ဒပြမှုကို တရားဝင်တားမြစ်ခြင်း၊

အာဏာပိုင်အစိုးရများသည်ဆန္ဒပြမှုများကိုခြိမ်းခြောက်မှုတစ်ခုအဖြစ်ရှုမြင်ပြီးတရားမဝင်နည်းလမ်းများဖြင့် ကန့်သတ်ရန်ကြိုးစားသည်။ ၎င်းတို့တွင်ဆန္ဒပြသူများကိုတရားဝင်တားမြစ်ခြင်း၊ ရဲနှင့်အခြားသူများက ဆန္ဒပြသူများအားခြိမ်းခြောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ စွဲချက်တင်ခြင်း၊စသည့် အပြုအမူမျိုးကို မီဒီယာများကဖော်ထုတ်နိုင်ခြင်းကြောင့် ၎င်းတို့သည်အာဏာပိုင်များ၏ အထူးပစ်မှတ်ဖြစ်လေ့ရှိသည်။

### ***ဆောင်ရွက်ရန်***

- အကယ်၍ သင်သည်အဖမ်းခံရလျှင် သို့မဟုတ် ထိန်းသိမ်းခံရပါက တရားရုံးတွင် သင်၏အခွင့်အလမ်းများပိုမိုရရှိစေရန် နှင့် အာဏာပိုင်များက သင့်အားမတရားဖမ်းဆီးချုပ်နှောင်ထားစဉ် အတင်းအဓမ္မနှိပ်စက်ညှင်းပန်းခြင်းကို တားဆီးနိုင်ရန် အတွက် ရှေ့နေတစ်ယောက်၏ ကာကွယ်မှုကိုရယူရန်အတတ်နိုင်ဆုံးကြိုးစားပါ။ ရှေ့နေနှင့် ဆက်သွယ်၍ မရပါက မိတ်ဆွေများနှင့်မိသားစုအား အကူအညီတောင်းခံပြီး သင့်ကိုဖမ်းဆီးထိန်းသိမ်းထားသူများအား သင့်တွင် ရှေ့နေငှားရန်အခွင့်အရေးရှိကြောင်း သတိပေးပါ။

- ယခုအချိန်တွင်ဆန္ဒပြပွဲများအတွင်း ဖမ်းဆီးခြင်းနှင့်ထိန်းသိမ်းခြင်းများသည် များပြားလာပြီဖြစ်သောကြောင့် ဆန္ဒပြပွဲတွင် မပါဝင်မီကပင် ကူညီလိုသောရှေ့နေများနှင့် အစီအစဉ်များပြုလုပ်ထားခြင်းဖြင့် အကျိုးရှိနိုင်သည်။

•သင့်အနေဖြင့် မီဒီယာသမား မဟုတ်သော်လည်း အရာရှိများ၏အကြမ်းဖက်မှုများနှင့် အခြားအလွန်အကျွံအပြုအမူများ၊ ဖြစ်ရပ်များကို မှတ်တမ်းတင်နိုင်ရန် ကြိုးစားပါ။ သို့သော် ထိုသို့မှတ်တမ်းတင်ခြင်းကို လုံခြုံစိတ်ချရမှသာလျှင် လုပ်ဆောင်ပါ။

***နောက်ခံသမိုင်းကြောင်း***

မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေနှင့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဥပဒေ (PAPPL) သည် ဆန္ဒပြမှုများအပေါ် တရားမဝင်ကန့်သတ်ချက်များချမှတ်ထားသည်။

PAPPL ၏ပုဒ်မ ၄ သည် ဆန္ဒပြသူများကို ဆန္ဒပြခြင်းမပြုမီ ရဲထံမှခွင့်ပြုချက်တောင်းခံခြင်းအားဖြင့် အလိုအလျောက်ဆန္ဒပြမှုများကိုတရားမဝင်ဖြစ်စေသည်။ PAPPL သည်ဆန္ဒပြမှုများအပေါ်ကျယ်ပြန့် မရေမရာအခြေအနေများကိုချမှတ်ထားသည်။ ဥပမာအားဖြင့်၊ ပုဒ်မ ၁၂ (က) ကဆန္ဒပြသူများကို “အနှောင့်အယှက် အတားအဆီး အန္တရာယ်ဖြစ်စေမည့် အပြုအမူမျိုးကို မလုပ်ဆောင်ရန်”တောင်းဆိုသည်။ ဆန္ဒပြမှုများသည် များသောအားဖြင့် အချို့သောအနှောင့်အယှက်များကိုဖြစ်ပေါ်စေသောကြောင့် ဆန္ဒပြသူများကိုထိရောက်စွာအရေးယူခြင်း၊ ဆန္ဒပြသူအားလုံးအား ပြစ်မှုထင်ရှားစေခြင်းနှင့် ဥပဒေအရ ထောင်ဒဏ် ၆ လအထိကျခံရခြင်း ဒဏ်ငွေကျပ် ၁၀,၀၀၀ ချမှတ်ခြင်းတို့အထိ အရေးယူအပြစ်ပေးနိုင်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအခန်း ၇ တွင် ဆန္ဒပြမှုနှင့် သက်ဆိုင်သောလုပ်ဆောင်မှုများကို တားမြစ်ထားသည်။ ပုဒ်မ ၁၄၁-၁၆၀ သည် မည်သည့်ဥပဒေရေးရာလုပ်ငန်းစဉ်ကိုမဆို ဆန့်ကျင်ရန် (၅)ဦး သို့မဟုတ် ထို့ထက်ပိုသောအုပ်စုများကို စုရုံးခြင်း၊ ဆန္ဒပြသူများကို နေရာဖြန့်ကြက်ခြင်း၊ ပုန်းရှောင်စေခြင်းတို့ကို လုပ်ဆောင်ပါက ခြောက်လမှသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်း၊ သို့မဟုတ်ဒဏ်ငွေချမှတ်နိုင်သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြင်ဆင်ခဲ့သော ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအချို့တွင် ဆန္ဒပြသူများနှင့် မီဒီယာလုပ်သားများအားစွဲချက်တင်ရန် ကျယ်ပြန့်သောအသုံးအနှုန်းများပါရှိသည်။ ဥပမာအားဖြင့်၊ ပုဒ်မ ၁၂၄ (က) တွင် မုန်းတီးမှု သို့မဟုတ် မထီမဲ့မြင်ပြုမှုကိုဖြစ်ပေါ်စေသည့် သို့မဟုတ် အစိုးရနှင့်စစ်တပ်အပေါ် မကျေနပ်မှုများကို ဖြစ်ပေါ်စေသည့်ကြေညာချက်များထုတ်ပြန်ခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။ ပုဒ်မ ၁၂၄ (ဂ) သည် တိုင်းပြည်တည်ငြိမ်ရေးကို ထိန်းသိမ်းရန် စစ်တပ် သို့မဟုတ် ဥပဒေစိုးမိုးရေးကြိုးပမ်းမှုများကို နှောင့်နှေးစေခြင်းကို တားမြစ်ထားသကဲ့သို့ ပုဒ်မ ၁၂၄(ဃ) တွင် တာဝန်ထမ်းဆောင်လျက်ရှိသော စစ်တပ် သို့မဟုတ် အစိုးရဝန်ထမ်းများအား အနှောင့်အယှက် အတားအဆီးဖြစ်စေခြင်းကို တားမြစ်ကန့်သတ်ထားသည်။ ဤပြဋ္ဌာန်းချက်ပါ စကားလုံးအသုံးအနှုန်းများသည် တရားဝင်ဆန္ဒပြမှုများစွာ၏ ရည်ရွယ်ချက် ပန်းတိုင်များကို ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်သည့် အခြေအနေတွင်ရှိသည်။ ဤပုဒ်မများကိုချိုးဖောက်ကျူးလွန်ပါက ဒဏ်ငွေများ၊ ထောင်ဒဏ်ခုနစ်နှစ် ၁၂၄ (ဃ) နှင့် (၁၂၄ (က)နှင့် ၁၂၄ (ဂ)) အတွက် နှစ်နှစ်ဆယ် အထိထောင်ဒဏ်ချမှတ်နိုင်သည်။

အခြားပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပြဋ္ဌာန်းချက်များသည် ဆန္ဒပြမှုများကို ရေးသားဖော်ပြ အကာအကွယ်ပေးနေသည့် မီဒီယာလုပ်သားများကို ပစ်မှတ်ထားရန်အသုံးပြုနိုင်သည်။ ဥပမာအားဖြင့်၊ ပုဒ်မ ၅၀၅ (ဂ) တွင် အများပြည်သူအား ကြောက်ရွံ့စေခြင်း သို့မဟုတ်နှိုးဆော်ခြင်းတို့ကို ဖြစ်စေသောသတင်းအချက်အလက်ဖြန့်ဝေခြင်းကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားပြီး ထိုသို့လုပ်ဆောင်ခြင်းသည် နိုင်ငံတော်ကိုဖြစ်စေ၊ ပြည်သူတို့၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ ပျက်ပြားစေရန် လူအများကို သွေးဆောင်သည်ဟုသတ်မှတ်သည်။ ပုဒ်မ ၅၀၅ (က) ကိုလည်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင်ထပ်မံထည့်သွင်းခဲ့သည်။ ၅၀၅ (က-ခ) သည် သတင်းမှားများပျံ့နှံ့ခြင်းကို တားမြစ်ထားသည်။ အဆိုပါဥပဒေ(၂)ရပ်လုံးသည် ဆန္ဒပြပွဲများတွင် သတင်းရယူ မှတ်တမ်းတင်ခြင်းများနှင့်လည်း အကျုံးဝင်သည်။ပြစ်ဒဏ်ချမှတ်ခံရမှုများသည် ထောင်ဒဏ် (၅၀၅) အတွက်သုံးနှစ်နှင့် (၅၀၅ -က) အတွက်သုံးနှစ်ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေနိုင်သည်။

ဤပြဋ္ဌာန်းချက်များသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်း (UDHR) ကိုချိုးဖောက်ပြီး ၎င်းသည်ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အာမခံသည့်အပိုဒ် (၁၉) ကိုချိုးဖောက်သည်။UDHR အနေဖြင့် ဤအခွင့်အရေးများကို ကန့်သတ်ချက်များအား“

ဥပဒေဖြင့်ပြဋ္ဌာန်းထား” ပြီး တရားဝင်အကျိုးစီးပွားကိုကာကွယ်ရန်လိုအပ်သည်။ အထက်တွင်ဖော်ပြခဲ့သော စည်းမျဉ်းစည်းကမ်းများကဲ့သို့သော မတိကျမသေချာသည့် စည်းမျဉ်းများသည်“ဥပဒေအရပြဋ္ဌာန်းထားခြင်း” ဆိုသော်ငြား နိုင်ငံသားများအနေဖြင့် မည်သည့်အချက်များကို တားမြစ်ထားသည်ဆိုခြင်းကို ရှင်းလင်းစွာ အသိပေးခြင်းမျိုး မရှိပေ။

ဤစည်းမျဉ်းများသည် “ နှောင့်ယှက်ခြင်း သို့မဟုတ် တားဆီးပိတ်ပင်ခြင်း” ထက်ကျော်လွန်လိုအပ်သည့် အများပြည်သူနှင့်သက်ဆိုင်သော အမိန့် သို့မဟုတ် အများပြည်သူနှင့်ဆိုင်သော ကိုယ်ကျင့်တရားများ ကဲ့သို့သော တရားဝင်အကျိုးစီးပွားကိုကာကွယ်ရန် မလိုအပ်ပေ။

**Centre for Law and Democracy**
**info@law-democracy.org**
**+1 902 431-3688**
**www.law-democracy.org**